# ၁၉၆၃ ခုနှစ်၊ တရားဥပဒေများအာဏာတည်စေခြင်းနှင့် ရပ်စဲစေခြင်းဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၃ ခုနှစ်၊ တရားဥပဒေများအာဏာတည်စေခြင်းနှင့်ရပ်စဲစေခြင်းဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နယ်မြေနှင့် သက်ဆိုင်စေရမည်။

(၃) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤဥပဒေနှင့်သက်ဆိုင်သည့်နယ်မြေတွင်၊ သို့တည်းမဟုတ် ထိုနယ်မြေတစိတ်တဒေသတွင်၊ တရားဥပဒေတခုခု၊ ပြုပြင်ပြောင်းလဲချက်များပါရှိ၍ဖြစ်စေ၊ မပါဘဲဖြစ်စေ အာဏာတည်စေရမည်ဟူ၍သော်၎င်း၊ အာဏာတည်ခြင်းမှရပ်စဲစေရမည်ဟူ၍သော်၎င်း ဆင့်ဆိုနိုင်သည်။

၃။ ။ပုဒ်မ ၂ အရ၊ တရားဥပဒေတခုခု အာဏာတည်ခြင်းမှ ရပ်စဲသောအခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ်အက်ဥပဒေပုဒ်မ ၅၊ အပိုဒ် (ခ)၊ (ဂ)၊ (ဃ) နှင့် (င) ရှိ အက်ဥပဒေရုပ်သိမ်းခြင်းဆိုင်ရာပြဋ္ဌာန်းချက်များအကျိုးသက်ရောက်ရမည်။